# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ၂၃ ရက်မြောက်နေ့ အစီအစဉ်

## [ ၂၂ - ၉ - ၂၀၁၁ ]

## ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရောဝတီ တံတား(ပခုက္ကူ)အနီးရှိ ပေါက်အင်း အား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ၏ **ဘူးသီးတောင်နှင့် ရသေ့တောင်မြို့သို့ ကားလမ်းဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအပါအဝင် တောင်ပေါ်နေ လက်ဖက်ခြံရှင် တောင်သူ ဦးကြီးများ၊ နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်နေသည့် ကျေးလက်နေ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေး အစီအစဉ်တွင် ပါဝင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ပန်ခမ်းတံတားကို အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရွှေလီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏**ပလက်ဝမြို့(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဆ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရန်ကုန်ပြည်သူ့ ဆေးရုံကြီးကို နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် အမြန်ပြုပြင် ပြောင်းလဲ ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ စေတနာရှင်မိဘပြည်သူများနှင့် ပူးပေါင်းလုပ်ဆောင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း (၄၅)မြို့နယ်တွင် အရက်ရောင်းချမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဈ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ဒီမိုကရေစီနည်းကျကျ ရွေးချယ်ပြီး ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ဂ ) ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

၇။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး က အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။